YEZIN AGRICULTURAL UNIVERSITY

# လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးကွက်အလားအလာများ

ဒေါက်တာသီင်္ဂီမြင့်
ပါမောက္ခ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers’ Technical Forum)၊
၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်၊ Auditorium စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန

# ဈေးနှုန်း သတ်မှတ်ချက်တစ်ခုမှာ ဘာတွေပါတတ်သလဲ

**ဈေးနှုန်း**

ကုန်ပစ္စည်းအတွက်သတ်မှတ်သော တန်ဖိုး။ ရောင်းဝယ် ဖောက်ကားရာတွင် ချင့်ဝန်၊ ချိန်ဝန်အရေအတွက်စသည်ကို လိုက်၍ပေးရသောကုန်ဖိုးနှုန်း။

- ဈေးနှုန်းကိုသတ်မှတ်တဲ့အခါမျိုးမှာဆိုရင် လွယ်မလိုနဲ့ ခက်ခဲ
- စဉ်းစားရမဲ့အချက်တွေက
- ဈေးကွက်အနေအထား၊
- ဝယ်လိုအားနဲ့ ရောင်းလိုအား၊
- ရောင်းတဲ့ပုံ၊ ဝယ်တဲ့ပုံ၊
- အသိုင်းအဝိုင်း၊
- ဝယ်သူတွေရဲ့ သူတို့ရဲ့ ဝင်ငွေအနေအထားနဲ့
- သူတို့ လိုအပ်ချက် လိုအင်
- ထုတ်လုပ်မှု ကုန်ကျစရိတ်
- အမြတ်
- အလဲအလှယ်ကြေး (အကျိုးအပဲ့တွေ အနာအဆာတွေ)
- အခွန်အခ နဲ့ ပေးစရာရှိတာတွေ

# ဈေးနှုန်းအပေါ် သက်ရောက်စေသော အချက်များ

- **လုပ်ငန်းအတွင်းပိုင်း ဆိုင်ရာ အချက်တွေ**

ပြိုင်ဆိုင်မှုတွေ၊ အမြတ်များများ ရယူဖို့၊ များများရောင်းရဖို့လား၊
ဈေးကွက်ထဲမှာ နေရာများများယူဖို့လား၊

- **ဈေးကွက် ထိုးဖောက်ချဲ့ထွင်တဲ့ ဗျူဟာ**

ဈေးက အရမ်းများအောင် ဖိမ်ခံပစ္စည်းလို ရောင်းတဲ့ နည်းမျိုး
သုံးမလား။

သူများထက် နည်းတဲ့ ဈေးနဲ့ ရောင်းမဲ့ နည်းလမ်းကိုသုံးပြီး
ဈေးကွက် ကို ထိုးဖောက်မှာလား။

ရာသီအလိုက် ထုတ်ကုန်အလိုက် ဈေးတွေကို ကစားတဲ့ နည်းနဲ့
ဖောက်မလား။

တစ်ခြား ပြိုင်ဖက်တွေကို မျက်ခြေမပြတ်
စောင့်ကြည့်ပြီးတော့ဈေးကို ပြောင်းလဲမှာလား

- **ကုန်ကျစရိတ်**

လုပ်ငန်းရှင် တစ်ယောက်နဲ့တစ်ယောက်က ကုန်ကျစရိတ်ဆိုတာ
မတူကြတဲ့အတွက် လုပ်အားခ ထည့်ရတဲ့ သွင်းအားစုတွေ
အပေါ်မှာ မူတည်ပြီးတော့ ဈေးက ပြောင်းလဲနိုင်

- **လုပ်ငန်းပြင်ပအချက်တွေ**
- **ဈေးကွက်အမျိုးအစား**

ကိုယ့်ပစ္စည်းတွေ ရောင်းရတဲ့ ဈေးကွက်က ဘယ်လို
အမျိုးအစားမျိုးလဲ- ပြိုင်ဖက်မရှိ လက်ဝါးကြီး အုပ်ပြီး
ရောင်းလို့ရတဲ့ ဈေးကွက်မျိုးလား၊

ပြိုင်ဖက် (၁)ယောက် (၂)ယောက်ပဲရှိတာမျိုးလား။
အများကြီးရှိတဲ့ ဈေးကွက်မျိုးလား

- **တစ်ခြားအချက်တွေ**

ပြိုင်ဖက်က အပြောင်းအလဲတွေ လုပ်ပစ်လိုက်လို့ ကိုယ့်ကပါ
လိုက်ပြောင်းရတာမျိုး၊

ဝယ်သူတွေက မလှုပ်မယှက်လေး လုပ်နေတာမျိုး၊

ဝယ်သူတွေရဲ့ စိတ်ကျေနပ်မှု ဆိုင်တဲ့ အချက်တွေ၊

နာမည်ကောင်းရမရ ဆိုတဲ့ အချက်တွေ ဆိုတာလည်း

ဈေးကို ပြောင်းလဲစေနိုင်တဲ့ အချက်

# သီးနှံပေါက်စျေးကိုဆုံးဖြတ်ပေးနိုင်တဲ့ ဝယ်လိုအား

- သီးနှံတစ်မျိုး ဝယ်ယူလိုသူများ (ဝယ်လိုအားများ) ပြီး ရောင်းချလိုသူနည်း (ရောင်းလိုအား နည်း) နေရင် ဝယ်လက်တွေက အဲဒီသီးနှံအတွက် စျေး ပိုပေး
- သီးနှံဝယ်လိုအားဟာ ဒေသတစ်ခုအတွင်း နေထိုင်သူတွေရဲ့ ငွေကြေးသုံးစွဲနိုင်မှုအပေါ် များစွာ မူတည်
- သီးနှံတစ်မျိုးအပေါ် ဝယ်လိုအားဟာ နေရာဒေသလိုက်ပြီးလည်း ကွာနိုင်
- ဝယ်လိုအားဟာ ပြည်တွင်းစျေးကွက်တင်မက ပြည်ပစျေးကွက်တွေအပေါ် များစွာ မူတည်
- ပြည်ပကို တင်ပို့မယ်ဆိုရင် သီးနှံအရည်အသွေး ကောင်းနေဖို့ လို
- ပို့ကုန်စျေးကွက်တစ်ခုတည်း အားကိုးနေတဲ့တောင်သူ တွေဟာ ပုံမှန်ထက် အရဲစွန့်ရမှု ပိုများ
- ဝယ်လိုအားဟာ ရာသီအလိုက် ဖြစ်ပေါ်
- သီးနှံ အတွက် ဝယ်လိုအားများတတ်တဲ့ ရာသီချိန်ခါ ကို အခွင့်ကောင်းယူပြီး သီးနှံကို စျေးကွက်တင် ရောင်းချ
- လူ့အကြိုက်က တစ်ယောက်နဲ့တစ်ယောက် မတူ
- ဒီနှစ်မှာ ခေတ်စားပြီး ဝယ်လိုသူ များပေမယ့် နောက်နှစ်ရောက်တော့ နောက်သီးနှံတစ်မျိုးက အစားဝင်ယူသွားတာမျိုး ရှိနိုင်
- စျေးကြီးလွန်းတဲ့ သီးနှံကို လူချမ်းသာ အနည်းစုကသာ ဝယ်ယူစားသုံးနိုင်မှာပါ။ နဂါးမောက်၊ ဒူးရင်း စတဲ့ သူဌေးစာ သစ်သီးဝလံတွေ
- သီးနှံတွေရဲ့ ကြီးမြင့်တဲ့စျေးနှုန်းက အဆိုပါသီးနှံ ဝယ်လိုအားအပေါ် လွှမ်းမိုး

# သီးနှံပေါက်စျေးကိုဆုံးဖြတ်ပေးနိုင်တဲ့ ရောင်းလိုအား

- သီးနှံတစ်မျိုး ရောင်းလိုအား ဘာကြောင့် များနေရသလဲ ?
- စုစုပေါင်းရောင်းလိုအားပမာဏ ဘယ်လောက်ရှိနိုင်မယ်ဆိုတာ ချင့်ချိန်ပြီး သီးနှံစျေးနှုန်းအလားအလာကို သုံးသပ်နိုင်
- လုပ်အား၊ မြေအား၊ ငွေအားတို့ကိုလိုက်ပြီး တောင်သူရဲ့ သီးနှံထုတ်လုပ်နိုင်စွမ်းကို ပြောင်းလဲစေခြင်းအားဖြင့် သီးနှံရောင်းလိုအားအပေါ် လွှမ်းမိုး
- သီးနှံထုတ်လုပ်မှုအားဟာ ရာသီအလိုက် ပြောင်းလဲ။ သီးနှံပေါ်ချိန်မှာ  ရောင်းလိုအား မြင့်နေပြီး ကျန်ကာလတွေမှာတော့ ရောင်းလိုအား နိမ့်ကျ
- သီးနှံရှားပါးချိန်ရောက်မှ ထုတ်ရောင်းနိုင်အောင် စီမံနိုင်မယ်ဆိုရင် စျေးကောင်းရ
- မိုးလေဝသ ကောင်းရင် သီးနှံအထွက်ကောင်းပြီး ရောင်းလိုအား မြင့်တက်
- အထွက်ကောင်းနေရင် စျေးအကျဘက် ဦးတည်နိုင်ကာ အထွက်နည်းရင်တော့ စျေးနှုန်း အတက်ဘက်ဆီ ဦးတည်
- သီးနှံတစ်မျိုး ရောင်းလိုအားပေါ် အဲဒီသီးနှံ စိုက်ပျိုးသူဦးရေရဲ့ ထုတ်လုပ်မှုပမာဏတို့ကလည်း လွှမ်းမိုး
- စျေးကောင်းနေရင် နောက်တစ်နှစ်မှာ တောင်သူအများစု စိုက်လာတာကြောင့် အဲဒီသီးနှံရောင်းအား မြင့်တက်
- ရောင်းလိုအားဟာ လိုတာထက် ပိုများသွားတဲ့အခါ အဲဒီသီးနှံစျေး ကျ
- ငွေပိုရမယ့် အခြားသီးနှံဘက် လှည့်သွားတတ်ကြပြီး ကနဦးသီးနှံရဲ့ ရောင်းလိုအားပါ လိုက်ပါကျဆင်း
- သီးနှံတစ်မျိုးရဲ့ စျေးနှုန်းဟာ စိုက်သူနည်းလိုက် တက်လာလိုက်၊ စုပြုံစိုက်လိုက် ပြန်ကျသွားလိုက် သံသရာလည်နေ
- ပြည်တွင်းမှာ သီးနှံတစ်မျိုး စျေး မြင့်နေတဲ့အခါ ကုန်သည်တွေက ပြည်ပကနေ သွင်းပြီး ပြည်တွင်းစျေးကွက်မှာ ရောင်းချ
- သီးနှံကို အချိန်အခါကိုက် ရောင်းချနိုင်ရေး
- စျေးကွက်လမ်းကြောင်း၊ ရောင်းလိုအား၊ ဝယ်လိုအားတွေကို စောင့်ကြည့်လေ့လာခြင်းအားဖြင့် တောင်သူတွေဟာ မိမိတို့စိုက်ပျိုးရာသီးနှံကို စျေးကောင်းကောင်းနဲ့ စျေးကွက်တင်ရောင်းချနိုင်

# ရောင်းတဲ့သူဆီကို ဝယ်တဲ့သူတွေ လာတဲ့ လမ်းကြောင်း

- ကိုယ်ပေါင်းနေတဲ့ အပေါင်းအသင်း၊ အစုအဖွဲ့တွေက နေ တစ်ဆင့် ဝယ်သူတွေက ရောင်းသူတွေဆီကို ရောက်လာတတ်ကြတယ်။
- ကိုယ်ရောင်းတဲ့ ပေးတဲ့ ကုန်ပစ္စည်းကြောင့်ဖြစ်ဖြစ်၊ ကိုယ်ပေးတဲ့ ဝန်ဆောင်မှုတွေကြောင့်ပဲဖြစ်ဖြစ် ရောင်းသူတွေဆီကို ဝယ်သူတွေက လာကြပါတယ်။
- ငွေကြေးအရ သက်သာလို့လည်း လာမယ်။ ဈေးကြီးတာတွေရှိလို့လည်း လာချင်လာမယ်။ ပိုက်ဆံကြောင့် လာတာလည်းရှိပါတယ်။
- သူတို့ရရှိတဲ့ အချက်အလက်ကြောင့်လည်းလာတာမျိုးတွေ ရှိတတ်ပါတယ်။ ဒီစိုက်ခင်းက သခွားသီးက မခါးဘူး ဆိုပြီးတော့ သတင်းရထားလို့ လာဝယ်တာ ဆိုတာမျိုး တွေလည်း ရှိတတ်ပါတယ်။

- လိုအပ်တာ -နေ့တိုင်း အတွက် စားဝတ်နေရေးအတွက် လိုကိုလိုတဲ့ ဆန်၊ဆီ၊ဆား၊ ငရုတ်၊ ကြက်သွန်လိုမျိုး ပစ္စည်း
- လိုချင်တာ - ပုံမှန်လိုအပ်နေတဲ့ အရာကိုမှ ကိုယ်လိုချင်တာကို ပြောတာပါ။ လိုတာကတော့ ဆန်ပါပဲ၊ ဒါပေမဲ့ ပေါ်ဆန်းမွှေးပဲ လိုချင်တယ်၊ တောင်ပျံမှ လိုချင်တယ်ဆိုတာမျိုး ဖြစ်ပါတယ်။
- ဝယ်လိုအား - ရပ်ကွက်ထဲမှာ ဆန်သစ်စားတဲ့ သူ ဘယ်လောက်လောက် ရှိလဲ၊ ဘယ်လောက်လှောင် ထားရင်တော့ ကွက်တိလောက်ဖြစ်မယ်၊
- ဝယ်ယူလိုက်တဲ့ ပေးလိုက်ရတဲ ငွေကြေး အပေါ်မှာ ပြန်ရလိုက်တဲ့ စိတ်ကျေနပ်မှု ဆိုတာတွေက ကိုက်ညီနေမှ ကိုယ့်ပစ္စည်းကို သုံးတဲ့သူတွေက ရေရှည်မှာ ကိုယ်ဖောက်သည်တွေ

# သီးနှံဈေး ကောင်း၊ မကောင်းဆိုတာ ဈေးကွက်အနေအထားအပေါ် မူတည်

- သီးနှံတစ်မျိုးမျိုးရဲ့ စုစုပေါင်းရောင်းလိုအားနဲ့ စုစုပေါင်းဝယ်လိုအား ထိ သက်ဆိုင်
- တောင်သူက ထုတ်လုပ်လိုက်တဲ့ သီးနှံဟာ စားသုံးသူထံ ရောက်သွား
- ဈေးကွက်လမ်းကြောင်း အဆင့်တွေထဲမှာ သီးနှံသိုလှောင်တာ၊ စီမံပြုပြင်တာ၊ ထုပ်ပိုးတာ၊ သယ်ယူပို့ဆောင်တာ အစရှိတာတွေ ပါဝင်
- ောင်သူအနေနဲ့ ကွင်းဆက်တစ်ခုလုံး ဈေးကွက်လမ်းကြောင်းမှာ မိမိအတွက် အားအသာဆုံးနေရာကနေ ရွေးချယ်ပါဝင်တတ်ဖို့
- သီးနှံကို ဘယ်နေရာမှာ ရောင်းချမလဲ။ ကျေးလက်ဈေးမှာ ရောင်းမလား။ ပွဲစားဆီ ရောင်းမလား။ ကုန်တိုက်သို့ သွားရောင်းမလား။
- ဒါမှမဟုတ် သီးနှံကို ကြိတ်ခွဲပြုပြင်ပြီးမှ ရောင်းချမလား
- ဈေးကွက်လမ်းကြောင်းအသွားအလာအရ မီးစင်ကြည့် ကတတ်မှ

- ဈေးကွက်အတွက် ရည်ရွယ်ပြီး သီးနှံထုတ်လုပ်တာဟာ စိတ်ဝင်စားစရာကောင်းတဲ့အလုပ် ဖြစ်ပေမယ့် အရဲစွန့်ရတာတွေလည်း တစ်ပါတည်းပါလာ
- သီးနှံတစ်မျိုးကို ဈေးကွက်တင်ရောင်းချခြင်း (မားကတ်တင်း) ဟာ သီးနှံထုတ်လုပ်ရေးနဲ့ ကွာခြား
- ဈေးကွက်မှာ သီးနှံကို ရောင်းချတော့မယ့် တောင်သူ တစ်ယောက်ဟာ ကုန်သွယ်ပွဲစားတွေ၊ စားသုံးသူတွေနဲ့ ထိတွေ့ဆက်ဆံလာရပါတယ်။သီးနှံရောင်းလို အား၊ ဝယ်လိုအား၊ ဈေးနှုန်း အစရှိတဲ့ ဈေးကွက်ဆိုင်ရာတွေ သိရှိထားဖို့ လိုအပ်

# ဈေးကွက်ချဲ့ထွင်ရေးမှာ ဘာတွေပါလဲ

- ရောင်းမဲ့ထုတ်ကုန်က မှန်မှန်ကန်ကန်ဖြစ်ဖို့ (ဘာရောင်းမှာလဲ)
- မှန်ကန်တဲ့ ဝယ်သူ (ဘယ်သူ့ကိုရောင်းမှာလဲ)
- ဈေးမှန်မှန်ကန်ကန်ဖြစ်စေဖို့ (ဘယ်လိုရောင်းမှာလဲ)
- နေရာမှန်ဖြစ်ဖို့ (ဘယ်နေရာမှာ ရောင်းမှာလဲ)
- အချိန်မှန်ဖြစ်ဖို့ (ဘယ်အချိန်မှာ ရောင်းမှာလဲ)
- အကျိုးအမြတ်ကိစ္စ (ဘာကြောင့်လဲ)

**ဈေးကွက်စီးပွားရေး လုပ်ငန်းရှင်**

တောင်သူဦးကြီးတွေဆိုတာ စိုက်ရေးပျိုးရေးမှာ ကျွမ်းကျင်ပြီးသားဖြစ်ပေမဲ့လည်း ပတ်ဝန်းကျင်ကနေ ကိုယ့်ဖောက်သည်တွေ ဘယ်လိုလာသလဲ ဆိုတာကို သေချာသိရင် အကောင်းဆုံးနည်းလမ်းတွေကို ရှာပြီးတော့ လုပ်ငန်းတိုးတက်ရေးအတွက် တီထွင်ဖန်တီးနိုင်ကြမှ

*တောင်သူတွေအနေနဲ့ ဈေးကွက်ကို ကြိုတင်ခန့်မှန်းပြီးသီးနှံကိုစိုက်ပျိုးခြင်း၊ အရည်အသွေးပြည့်မီအောင် စိုက်ပျိုးပြီး ဈေးကွက်ကိုချဲ့ထွင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် သီးနှံဈေးကောင်း ရရှိနိုင်တယ်*

- **တောင်သူက** အရင်နှစ်က သီးနှံဈေးနှုန်း ဈေးကွက်ကို ကြည့်ပြီးစိုက်တယ်။
- ဝယ်ရတဲ့ သီးနှံမျိုးဈေးသည် ပြန်ရောင်းရတဲ့ဈေး နဲ့က ထက်ဝက် ကွာပါတယ်
- ပစ္စည်း quality မီအောင်လုပ်ပြီးတော့ ပွဲစားတွေကိုဈေးပြိုင်စနစ်နဲ့ ခေါ်မယ်။ ဈေးကောင်းရအောင် စုပေါင်း ရောင်းချစနစ်နဲ့ ရောင်းချချင်တယ်

- သီးနှံဈေးကွက်တွေက မသေချာမှုတွေ အများကြီးပဲ။ တောင်သူကမစွန့်စားချင်လို့။
- မျိုးကောင်းမျိုးသန့်တွေကိုဝယ်သုံးတဲ့အခါမှာသီးနှံဈေးကကောင်းမယ်ဆိုတာသေချာရင် တောင်သူကဝယ်ရမှာကို ဝန်မလေးပါဘူး
- သီးနှံဈေး ကျခြင်းတက်ခြင်းဆိုတာကရောင်းလိုအားနဲ့ ဝယ်လိုအားရဲ့ အားမျှမှုကနေဖြစ်တာ။ အဲ့ဒါကြောင့်မို့လို့ ကိုယ်ပြည်တွင်းဈေးကွက်တင် မဟုတ်ဘဲနဲ့ ပြည်ပကို ရောင်းဖို့ လိုအပ်တယ်။
- ပြည်ပကိုတင်ပို့တဲ့အခါမှာသတ်မှတ်ထားတဲ့ သီးနှံအရည်အသွေးသတ်မှတ်ချက် မီအောင်လုပ်ရမယ်။
- ရောင်းတဲ့သူကဈေးကောင်းကောင်းရဖို့ဆိုရင် ရောင်းတဲ့လူကအားကောင်းရမယ်။ တောင်သူတစ် ယောက်ချင်းကတော့ အားကောင်းစရာအကြောင်းမရှိဘူး။ တစ်ယောက်အားနဲ့ မရရင် အများအားနဲ့ ရမယ်။ အများပူးပေါင်းလိုက်လို့ရှိရင် အားကောင်းလာမယ်။
- ဝယ်လိုအားတွေ ချဲ့ထွင်ဖို့လိုတယ်။ ပစ္စည်းတွေကို ကုန်ချောတွေထုတ်တဲ့စနစ် ဖွံ့ဖြိုးတိုးတက်လာဖို့လိုတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်။ ဈေးတွေ ပိုရလာမယ်။


https://greenwaymyanmar.com/posts/production%20assesset

# သီးနှံဈေးနှုန်း










- https://www.doa.gov.mm/mis/
- https://agribiznews.com.mm/my/market-information/161
- https://greenwaymyanmar.com/market-price

WI SAR RA International Co., Ltd.

awba



ကျေးဇူးအထူးတင်ရှိပါသည်။

Dr.theingimyint@yau.edu.mm

+959 250108681

# ဈေးကွက်အလားအလာများ






# ဆန်၊ ပြောင်း၊ ပဲတီစိမ်း၊ ပဲပုပ်၊ ဖရဲသီး









# ၂၀၂၁ ခုနှစ်၏ ကမ္ဘာ့ဆန် တင်ပို့၊ တင်သွင်းမှု အခြေအနေ

**(WITS World Bank)**










# မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှု အခြေအနေ (မက်ထရစ်တန်)




အရင်းအမြစ်။ ကုန်သွယ်ရေးဦးစီးဌာန

# ၂၀၂၃ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံ၏ ဆန်ဖူလုံမှုနှင့် ဆန်လက်ကျန်ကျန်ရှိမှုအခြေအနေ

| အမျိုးအစား | နွေစပါး | မိုးစပါး | စုစုပေါင်း |
|---|---|---|---|
| | မက်ထရစ်တန်ချိန် | | |
| စပါးစုစုပေါင်း အထွက် | ၃,၃၃၁,၇၁၆.၁၂ | ၂၂,၄၀၀,၅၇၅.၄၁ | ၂၅,၇၃၂,၂၉၁.၅၃ |
| မျိုးစပါး | ၈၀,၁၁၈.၀၁ | ၄၅၉,၉၁၂.၆၄ | ၅၄၀,၀၃၀.၆၅ |
| ရိတ်သိမ်းစဉ် အလေအလွင့် | ၁၀၂,၈၂၄.၃၀ | ၉၁၉,၁၂၇.၇၇ | ၁,၀၂၁,၉၅၂.၀၇ |
| မျိုး+အလေအလွင့်စပါး | ၁၈၂,၉၄၂.၃၁ | ၁,၃၇၉,၀၄၀.၄၁ | ၁,၅၆၁,၉၈၂.၇၂ |
| ကျန်ရှိမည့် စပါး | ၃,၁၄၈,၇၇၃.၈၁ | ၂၁,၀၂၁,၅၃၅.၀၀ | ၂၄,၁၇၀,၃၀၈.၈၁ |
| ကြိတ်ခွဲပါက ရရှိမည့်ဆန် | ၁,၁၉၆,၅၃၄,၀၅ | ၇,၉၈၈,၁၈၃.၃၀ | ၉,၁၈၄,၇၁၇.၃၅ |
| ပြည်တွင်းဆန်စားသုံးမှု | | | ၃,၅၆၉,၁၀၄.၄၇ |
| ပိုလျှံမှု | | | ၅,၆၁၅,၆၁၂.၈၈ |
| ပြည်ပသို့တင်ပို့မှု (၂၀၂၂-၂၀၂၃ ဧပြီ မှ မတ်) | | | ၁,၃၂၇,၉၇၅.၈၃ |
| ဆန်အသားတင်ကျန်ရှိမှု | | | ၄,၂၈၇,၆၃၇.၀၅ |

အရင်းအမြစ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန

# ကမ္ဘာ့ဆန်ဈေးကွက် နှင့် မြန်မာ

- ကမ္ဘာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများဖြစ်သော တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန် အတွက် ရာသီဥတုအခြေအနေမပေးသဖြင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျ
- ဂျုံအခြေခံသော ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာသဖြင့် ဆန်ကို ပြောင်းလဲသုံးစွဲလာကြသည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်နေခြင်း
- မြန်မာနိုင်ငံမှ အဓိက ဆန်တင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ တိုဂို၊ မက်ဒါဂါစကာ၊ အန်ဂိုလာ၊ မိုဇင်ဘစ်၊ အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာနိုင်ငံ





# နှစ်အလိုက် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း တစ်နှစ် ပျမ်းမျှဆန်စားသုံးမှုနှုန်းကို ဆန်းစစ်လေ့လာခြင်း

| မြန်မာတစ်နိုင်ငံလုံးရှိ လူတစ်ဦးချင်း ပျမ်းမျှဆန်စားသုံးမှုပမာဏ (၂၀၁၆ ခုနှစ်)* (နမူနာလူဦးရေ = ၂၄,၂၁၁) | | နေပြည်တော်ရှိ လူတစ်ဦးချင်း ပျမ်းမျှဆန်စားသုံးမှုပမာဏ (၂၀၂၁ ခုနှစ်)** (နမူနာလူဦးရေ = ၁,၄၃၀) | | မြန်မာတစ်နိုင်ငံလုံးရှိ လူတစ်ဦးချင်း ပျမ်းမျှဆန်စားသုံးမှုပမာဏ (၂၀၂၂ ခုနှစ်)*** (နမူနာလူဦးရေ = ၁၉,၈၄၅) | |
|---|---|---|---|---|---|
| တင်း/နှစ် | ကီလိုဂရမ်/နှစ် | တင်း/နှစ် | ကီလိုဂရမ်/နှစ် | တင်း/နှစ် | ကီလိုဂရမ်/နှစ် |
| ၄.၅၆ | ၁၅၅.၁၄ | ၃.၂၁ | ၁၁၄.၈၇ | ၄.၂၄ | ၁၄၄.၁၄ |

Source – *DAE (YAU) and MRF, 2016, Study on per capita rice consumption and ratio of household expenditure in Myanmar.

**DAE (YAU), 2021, Study on household food systems and estimation of per capita consumption of important food items in Nay Pyi Taw.

***DAE (YAU), DOP and UMFCCI, 2022, Per capita consumption of rice and edible oil in Myanmar.

# အစေ့ထုတ်ပြောင်း

- ပြည်တွင်းတိရစ္ဆာန်စာ ဖူလုံမှုအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အဓိကအားထား
- ပြောင်းစိုက်ဧကများ နှစ်စဉ်တိုးပွား
- ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာပြည်အလယ်ပိုင်းဒေသများမှ အဓိကထုတ်လုပ်
- ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ ပြောင်းတင်သွင်းမှုများလည်းရှိ
- ထိုင်းနိုင်ငံသည် ASEAN Free Trade Agreement အရ ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း အကန့်အသတ်မရှိ ပြောင်းတင်သွင်းခွင့်နှင့် အခွန်ကင်းလွတ်ခွင့်ပေး
- ကမ္ဘာ့သွင်းအားစုဈေးနှုန်းများ ကြီးမြင့်မှု၊ လောင်စာဆီဈေးနှုန်းများ ကြီးမြင့်မှုစသည် တို့ကြောင့် တောင်သူများ၏ တစ်ဧကကုန်ကျစရိတ်သည် ယခင်ထက် (၁၂) ရာခိုင်နှုန်း တိုးမြင့်ခဲ့သဖြင့် တောင်သူများ၏ အမြတ်ရရှိမှုသည် ယခင်ထက် (၁၂) ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့





# ၂၀၂၂ ခုနှစ်၏ ကမ္ဘာ့အစေ့ထုတ်ပြောင်း တင်ပို့၊ တင်သွင်းမှု အခြေအနေ

(WITS World Bank)








# မြန်မာ့အစေ့ထုတ်ပြောင်းကုန်သွယ်မှု

- ၂၀၁၇-၂၀၁၈ မှ ၂၀၂၂-၂၀၂၂ ၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း (၁၉) နိုင်ငံသို့ တင်ပို့ခဲ့
- အဓိကတင်ပို့သော နိုင်ငံများမှာ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံ
- အဓိကတင်သွင်းသည့်နိုင်ငံများမှာ အိန္ဒိယနှင့် ထိုင်းနိုင်ငံ
- မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပြောင်းတင်ပို့နိုင်ရေး အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်
- ထိုင်းသည် အလားအလာကောင်းသည့် စျေးကွက်




# သုံးသပ်ချက်

- တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဈေးကွက်များအပြင် အခြားအလားအလာရှိသောဈေးကွက်အသစ်များကိုလည်း ရှာဖွေရန်။
- မြန်မာနိုင်ငံမှ တင်ပို့သောနိုင်ငံအချို့၏ ကုန်သွယ်မှုမူဝါဒအရ ပြောင်းပေါ်သည့် ရာသီတွင် တင်သွင်းခွင့်ကို ပိတ်ထားခြင်း (သို့မဟုတ်) ကုန်သွယ်ခွန်များကို တိုးမြှင့်ကောက်ခံခြင်းတို့ကြောင့် တင်ပို့ရန် အခက်အခဲရှိနိုင်သည့် အတွက် သိုလှောင်ထားနိုင်ရန် သိုလှောင်ရုံများ၊ ကြာရှည်စွာ ထိန်းသိမ်း နိုင်ရန် processing and preservation နည်းပညာများ စသည်တို့ရရှိအောင် အထောက်အပံ့ပေးရန်။
- ကုန်လက်ကျန်များနှင့် ငွေဝင်ငွေထွက်များအား စနစ်တကျသိရှိနိုင်သည့် warehouse receipt system များအား အသုံးပြုရန်။
- ပြည်တွင်းဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် အနိမ့်ဆုံးဈေးနှုန်းများ သတ်မှတ်ပေးရန်။
- ပြည်တွင်းဖူလုံရေးကို ပထမဦးစားပေးအဖြစ် သတ်မှတ်ပြီး ပြည်တွင်းလုံလောက်မှုရှိပါက သွင်းကုန်အစားထိုး ပို့ကုန်ကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးဆောင်ရွက်ရန်။

# ပဲတီစိမ်း


- ပဲမျိုးစုံလွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုခဲ့ခြင်းကြောင့် ပဲမျိုးစုံကဏ္ဍသည် သိသိသာသာ တိုးတက်
- ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်း ဆက်စပ်ချိတ်ဆက်စီးပွားရေးစနစ် (Circular Economy) အားကောင်းစေ
- ပဲမှော်များ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံတိရစ္ဆာန်အစာ အထောက်အကူပြုခြင်း
- အာဟာရဓါတ်တန်းဖိုးမြင့်မားစွာပါဝင်သည့် ပဲတီစိမ်းနှင့် မတ်ပဲများကို ပြည်တွင်းစားသုံးသူများစိတ်ဝင်စားမှုရရှိရေး




၂၀၁၈–၂၀၁၉ မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံ၏ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ (လယ်/စီ/အင်း)

# ကမ္ဘာ့ပဲတင်ပို့မှု


- ပဲမျိုးစုံတင်ပို့ခြင်းအတွက် ပို့ကုန်အခွန်ပေးဆောင်ရန် မလို
- မြန်မာနိုင်ငံမှ ပဲတီစိမ်းနှင့်မတ်ပဲများကို ပြည်ပနိုင်ငံ အသီးသီးသို့ တင်ပို့ဈေးနှုန်းများမှာ နိုင်ငံအလိုက် ကွာခြား
- ဘယ်လ်ဂျီယံနိုင်ငံတွင် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၂၂၈ ဖြင့် ပထမအများဆုံး၊ ဂျာမနီနိုင်ငံတွင် ၁,၀၁၇ ဒေါ်လာဖြင့် ဒုတိယ အများဆုံး ရရှိပြီး အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ၉၈၇ ဒေါ်လာဖြင့် တတိယ အများဆုံး
- ယူအေအီး (United Arab Emirates) နှင့် ဖိလစ်ပိုင် နိုင်ငံတို့တွင် ၇၆၃ ဒေါ်လာဖြင့် အနည်းဆုံး
- မြန်မာနိုင်ငံသည် ကမ္ဘာ့ပဲတင်ပို့မှု အဆင့် (၁) နေရာတွင် ရေရှည်တည်တံ့စွာ ရပ်တည်နိုင်ရန်၊ ကုန်သွယ်ဘက် နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မှု ရရှိစေရေး အလေးထား ဆောင်ရွက်ရန်
- အိန္ဒိယနိုင်ငံရဲ့ပဲလိုအပ်ချက်အရ မြန်မာနိုင်ငံကနေ ပဲစဉ်းငုံတန်ချိန် ၁ သိန်း ဝယ်ယူတင်သွင်းဖို့ မြန်မာနိုင်ငံ နဲ့ MoU လက်မှတ်ရေးထိုးထား




၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ ပဲတီစိမ်းနှင့်မတ်ပဲဈေးကွက်ရရှိမှု အခြေအနေ (Source: ITC Trade Map )

# ပဲတီစိမ်း တင်ပို့မှု







၂၀၁၈ -၂၀၁၉ မှ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်ထိ နယ်စပ်ကုန်သွယ်ရေး နှင့် ပင်လယ်ရေကြောင်းတို့မှ ပဲတီစိမ်းတင်ပို့မှုအခြေအနေ (MOC)

# သုံးသပ်ချက်

- မြန်မာနိုင်ငံမှ ပဲတီစိမ်းနှင့်မတ်ပဲများသည် ပြည်ပဈေးကွက်အားသာချက်များ ရရှိပြီးဖြစ်၍ ပဲလိုအပ်ချက်မြင့်မားသည့် နိုင်ငံများ၏ လိုအပ်ချက်များနှင့်အညီ တင်ပို့နိုင်ပါက ဈေးကွက်ရရှိမှုပိုမိုကျယ်ပြန့်ခြင်း
- ပြည်တွင်းပဲစိုက်တောင်သူများအတွက် နစ်နာဆုံးရှုံးမှုမရှိရေး၊ တင်ပို့ရောင်းချသူ ကုန်သည်များအတွက်လည်း ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရရှိရေးတို့အတွက် ပဲမျိုးစုံ သတ်မှတ်ဈေးနှုန်းနှင့် သတ်မှတ်ပမာဏကို ဝယ်ယူမည့်နိုင်ငံများနှင့် ဈေးကွက်ပေါက်ဈေးများဖြင့် ကြိုတင်အရောင်းအဝယ်သဘောတူစာချုပ်များကို G to G ချုပ်ဆိုနိုင်ရေးများ ပိုမိုအလေးထား ဆောင်ရွက်နိုင်ရေးအလေးထား ဆောင်ရွက်
- အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲစားသုံးမှုဖူလုံစေရန်အတွက် သတ်မှတ်ဈေးနှုန်းနှင့် သတ်မှတ်အရေအတွက်များကို ဖော်ပြ၍ နှစ်နိုင်ငံ (G to G) ကြိုတင်အရောင်းအဝယ် သဘောတူစာချုပ် (Advanced Purchase Agreement) များ ချုပ်ဆို၍ ပြည်ပဈေးကွက်ဝေစုရရှိရန် ဆောင်ရွက်လျက်ရှိခြင်း
- ဥရောပ၊ တရုတ်၊ ဗီယက်နမ်၊ စင်္ကာပူနှင့် အိန္ဒိယစသည့်နိုင်ငံများတွင် ပဲတီစိမ်းဈေးကွက် ကောင်းမွန်လျက်ရှိသော်လည်း Market Diversification အားကောင်းလာ ရေး ဆက်လက်ကြိုးစားဆောင်ရွက်သင့်
- ပဲလိုအပ်မှုမြင့်မားသောနိုင်ငံများသို့ ဈေးကွက်များ တိုးချဲ့တင်ပို့ခြင်းအားဖြင့် မြန်မာ့ပဲတီစိမ်းနှင့် မတ်ပဲဈေးကွက် ပိုမိုခိုင်မာစေမည်။


# ပဲပုပ်

- မြန်မာ့ပဲပုပ် ကဏ္ဍအတွက် စိန်ခေါ်မှု ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရခြင်းမှာ ပဲပုပ်၏ စျေးကွက် မခိုင်မာခြင်းကြောင့်
- ပဲပုပ်မျိုးများသည် သက်လျင်၊ သက်လတ်မျိုးများဖြစ်သည့်အတွက် သက်တမ်းတိုပြီး သေချာဂရုစိုက်မည်ဆိုပါက အနည်းဆုံး (၃) လမှ အများဆုံး (၄) လအတွင်း ဝင်ငွေရရှိနိုင်သော အထွက်နှုန်းကောင်းမျိုးများ
- ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း မျိုးများကို နိုင်ငံခြားမှတင်သွင်းပြီး မိမိတို့နိုင်ငံရှိ ပဲပုပ်စိုက်ပျိုးမှုများသော ဒေသများနှင့်ကိုက်ညီသည့် မျိုးများရရှိရေး
- ပဲပုပ်ကို ဆီအဖြစ် ထုတ်လုပ်ရာတွင် ဆီစက်များ အဆင့်မြှင့်တင် နေစဉ်ကာလအတွင်း ပဲပုပ်ဆီ စားသုံးမှုများသောနိုင်ငံများသို့ ပြည်တွင်းထုတ် ပဲပုပ်ဆီကြမ်းများကို တင်ပို့နိုင်




၂၀၁၆-၂၀၁၇ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေပြဂရပ် (DOA)

# မြန်မာနိုင်ငံသို့ ပဲပုပ်စေ့၊ ပဲပုပ်မှုန့်နှင့် ပဲပုပ်ဖတ်တင်သွင်းမှုအခြေအနေ




အရင်းအမြစ်- မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

ဘဏ္ဍာနှစ်အလိုက် ပဲပုပ်စေ့တင်သွင်းမှု (ပင်လယ်ရေကြောင်း + နယ်စပ်)

| ရေတွက်ပုံ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ (Mini) |
|---|---|---|---|---|
| ပမာဏ (မတန်) | ၁၁၂၂.၅၆ | ၅၃၅.၀၃ | ၁၃၃၂.၃၅ | ၄၄၇.၉၀ |
| တန်ဖိုး (US$) | ၀.၇၃ | ၀.၃၄ | ၁.၀၄ | ၀.၄၀ |

အရင်းအမြစ်: ကုန်သွယ်ရေးဦးစီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့်ပဲပုပ်မှုန့် တင်သွင်းမှုအခြေအနေ

| ဘဏ္ဍာနှစ် | စုစုပေါင်း တင်သွင်းတန်ချိန် | တစ်တန်ဈေး (US$) | စုစုပေါင်းတန်ဖိုး (US$) |
|---|---|---|---|
| ၂၀၁၅-၂၀၁၆ | ၆၄,၇၀၀.၀၀ | - | - |
| ၂၀၁၆-၂၀၁၇ | ၉,၉၇၄.၃၆ | - | - |
| ၂၀၁၇-၂၀၁၈ | ၁၄,၅၅၅.၅၃ | ၂၁၄.၈၇ | ၃,၁၂၇,၆၈၀.၁၆ |
| ၂၀၁၈ (Mini) | ၁,၅၄၀.၇၃ | ၃၁၁.၀၁ | ၄၇၉,၁၇၇.၀၉ |
| ၂၀၁၈-၂၀၁၉ | ၅,၆၇၇.၃၁ | ၂၅၈.၃၀ | ၁,၄၆၆,၄၅၁.၀၁ |
| ၂၀၁၉-၂၀၂၀ | ၉,၁၉၄.၇၂ | ၃၃၀.၆၈ | ၂,၆၉၃,၉၃၀.၈၆ |
| ၂၀၂၀-၂၀၂၁ | ၁,၅၇၀.၀၀ | ၃၅၀.၀၀ | ၆၇၆,၁၄၇.၅၁ |
| ၂၀၂၁-၂၀၂၂ (၃၁.၁.၂၂ ထိ) | ၈၆၄.၀၀ | ၃၅၀.၀၀ | ၄၇၆,၆၇၇.၃၉ |

အရင်းအမြစ်: ငါးလုပ်ငန်းဦးစီးဌာန


# သုံးသပ်ချက်




- ပဲပုပ်မှ စားသုံးသည့်ပဲပုပ်ဆီနှင့် အခြားအစားအစာများ၊ တိရစ္ဆာန်စာများကို လည်းကောင်း  ပဲပုပ်၏မူရင်းပါရှိသော အသားဓာတ်များကို တိရစ္ဆာန်၏အသားဓာတ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ခြင်း (Circular Economy)
- မွေးမြူရေးအစာလိုအပ်ချက်အရ တစ်နှစ်လျှင် ပဲပုပ်ဖတ်တန်ချိန် (၅) သိန်းခန့် တင်သွင်းနေရပြီး ပြည်တွင်းတွင် လုံလောက်စွာ မထုတ်လုပ်နိုင်ပါက တိရစ္ဆာန် မွေးမြူရေး ပိုမိုတိုးချဲ့လာမှုနှင့်အညီ နောင်တွင် တန်ချိန်ပိုမို တင်သွင်းလာရနိုင်
- ပဲပုပ်ကို တိရစ္ဆာန်အစာအတွက် ပြည်တွင်း၌ ထုတ်လုပ်လာနိုင်စေရန်
- ဈေးနှုန်းသင့်တင့်သော သား၊ ငါးမျိုးစုံကို ထုတ်လုပ်ပေးနိုင်
- ပဲပုပ်တန်ဖိုးကွင်းဆက်တစ်လျောက်ရှိလုပ်ငန်းများအတွက်  ချေးငွေများ
- ပဲပုပ်စားသုံးမှု အများဆုံးဖြစ်သော အိမ်နီးချင်း တရုတ်နိုင်ငံ အပါအဝင် အိန္ဒိယနှင့် ထိုင်းနိုင်ငံဈေးကွက်များသို့ ထိုးဖောက်တင်ပို့ရန်
- ပဲပုပ်သည် ကမ္ဘာ့ဈေးကွက် ခိုင်ခိုင်မာမာရှိ
- ကုန်သွယ်မှုစာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်

# ဖရဲသီး

- အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်
- သုံးရာသီလုံး စိုက်ပျိုးကြပြီး အများအားဖြင့် နိုဝင်ဘာလမှ စတင်ကာ မတ်လအထိ စိုက်ပျိုး
- 855 မျိုး၊ ဂျပန်ဖရဲ ခေါ် ဒိုးကျည်ဖရဲမျိုး၊ ထိုင်ဝမ်မျိုး၊ အစေ့မဲ့ဖရဲသီးနှင့် ဖရဲဝါသီးများ
- ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ဖရဲစိုက်ပျိုးစိုက်ပျိုးဧရိယာများနှစ်စဉ်ကျဆင်း
- မြန်မာ့ ဖရဲဈေးကွက်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ တင်ပို့သည့် မြန်မာ-တရုတ် နယ်စပ်ဂိတ်များ ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ယာယီ ပိတ်လိုက်ခြင်း






၂၀၁၉-၂၀၂၀ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေပြဂရပ် (လယ်/စီ/အင်း)

# ၂၀၂၂ ခုနှစ်၏ ကမ္ဘာ့ဖရဲသီး ကုန်သွယ်မှုအခြေအနေ၊

**(WITS World Bank)**


မြန်မာနိုင်ငံမှ ဖရဲသီးများကို ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်မှုသည် စုစုပေါင်း မက်ထရစ် တန်ချိန် ထောင်ပေါင်း (၉၄.၁) ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၄၄.၀၄) သန်း ရှိပြီး ထိုတင်ပို့မှု စုစုပေါင်း၏ (၉၉.၉၉) ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့မှုဖြစ်ပါသည်။ အခြား နိုင်ငံများဖြစ်သော ကိုရီးယား၊ မလေးရှား၊ ယူအေအီး နှင့် အမေရိကန် နိုင်ငံတို့သို့ တင်ပို့ခဲ့ သော်လည်း တရုတ်နိုင်ငံသို့ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက အလွန်နည်း ပါသည်။ (WITS, World Bank, ၂၀၂၂)



- သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် တင်ပို့မှု ကန့်သတ်ချက်များ ရှိလာခြင်းတို့သည် ဖရဲသီးတင်ပို့မှုများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊
- ဖရဲသီး၏ အရွယ်အစား၊ အရည်အသွေးနှင့် ပုံသဏ္ဍာန်စသည့် အချက်များပေါ် အခြေခံ၍ အဆင့်သတ်မှတ်၍ အမျိုးအစားများ ခွဲခြား၊
- တရုတ်နိုင်ငံ၏ အကောက်အခွန်စည်းမျဉ်း တင်းကြပ်မှုများ၊ စစ်ဆေးမှုများနှင့် တရုတ်နိုင်ငံ၏ အကောက်အခွန် ရှင်းလင်းရေးစနစ် အပြောင်းအလဲများ ရှိနေခြင်းတို့ကြောင့် တင်ပို့ရန် စောင့်ဆိုင်းချိန် ကြာမြင့်မှုများ ကြုံတွေ့ရပြီး တင်ပို့မည့် ဖရဲသီး အရည်အသွေးများ ကျဆင်း၊
- ဖရဲသီးသည် တင်ပို့သော အချိန်၊ အရည်အသွေးနှင့် အမြတ်အစွန်းရရှိရန် အရေးကြီးသောကြောင့် ယခုအခါတွင် ဖရဲသီးတင်ပို့သော ကုန်သွယ်ပွဲစားများသည် တရုတ်ဈေးကွက်အပြင် အခြားဈေးကွက်များကိုလည်း ရှာဖွေနေ၊

## ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲသီး တင်ပို့မှု အခြေအနေပြဂရပ်




ရင်းမြစ်။   ကုန်သွယ်ရေးဦးစီးဌာန

# သုံးသပ်ချက်

- မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဖရဲသီးများသည် ဈေးနှုန်းကောင်းမွန်နေသော်လည်း ကုန်တင်ကားခစရိတ်၊ ကွင်းကြေး၊ အခွန်နှုန်းထားများ ကြီးမြင့်နေမှုကြောင့် ဖရဲစိုက်တောင်သူများနှင့် ကုန်သည်များမှာ အကျိုးအမြတ်ရရှိမှုမရှိဘဲ အရှုံးနှင့် ရင်ဆိုင်နေရ
- တရုတ်ပြည်၏ ဖရဲသီး စိုက်ခင်းများ အထွက်နည်းမှသာ မြန်မာ့ဖရဲသီးများ အဝယ်လိုက်မည်ဖြစ်၍ ဖရဲ၊ သခွားမွှေး ဈေးကွက်မှာ စိန်ခေါ်မှုများ ရှိနေပါသည်။ တရုတ်နိုင်ငံ၏ ဖရဲသီးထုတ်လုပ်မှုသည် လယ်ကွင်းပြင်စိုက်ပျိုးမှုမှသည် နည်းစနစ်ပိုင်းဆိုင်ရာ လယ်ယာစိုက်ပျိုးရေးသို့ ကူးပြောင်းလာပြီး အရည်အသွေးမြင့်မားသော ဖရဲသီးများ ထွက်ရှိကြောင်း
- ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ဖရဲသီးများ တရားဝင်တင်ပို့ရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခဲ့သဖြင့် မိမိတို့နိုင်ငံ အနေဖြင့်လည်း တင်ပို့ရေးသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ပါက ရေရှည်ကာလအထိ စိုက်ပျိုးသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအကြား နှစ်ဖက်ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာပြီး ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် အရည်အသွေးကောင်း အသီးများရရှိစေနိုင်မည်။

# မြန်မာ့လယ်ယာထွက်ကုန်များ၏အရည်အသွေး နှင့် ဈေးကွက်အခွင့်အလမ်းများ

- မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှု(Overseas) နှင့် နယ်စပ်ကုန်သွယ်မှု(Border Trade) တင်ပို့
- နှစ်ဦးနှစ်ဖက် သဘောတူချုပ်ဆိုကြသည့် အရောင်းအဝယ်စာချုပ် သတ်မှတ်အရည်အသွေးများ နှင့် ကိုက်ညီမှုရှိအောင်ထုတ်လုပ်
- ကုန်ဝယ်ဖက်နိုင်ငံ ကုန်ဝယ်သူနှင့် ချုပ်ဆိုထားသည့် စာချုပ်ပါလိုအပ်ချက်များနှင့်ကိုက်ညီခြင်း ရှိမရှိသင်္ဘောမတင်မီ စစ်ဆေးခြင်း
- စစ်ဆေးရေးအဖွဲ့များ (Inspection Team)က ကုန်ဝယ်သူနှင့်ကုန်ရောင်းသူကြား တတိယအဖွဲ့အစည်း မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Ltd. - MITS) စစ်ဆေးပြီး
- သင်္ဘောမတင်မီ စစ်ဆေးချက်အစီရင်ခံစာ(Pre-shipment Inspection Report -PSI)များ
- ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်(Processor Level) စစ်ဆေးပေးသည့် လုပ်ငန်းများ (ပဲတီစိမ်းသန့်စင်စက်ရုံနှင့်သိုလှောင်ရုံများ၊ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိရေး ကြိတ်ခွဲထုတ်လုပ်သည့်ဆန်စက်နှင့် သိုလှောင်ရုံများ၊ ပြောင်းဖူးစေ့ အခြောက်ခံစက် နှင့် သိုလှောင်ရုံများအား ကုန်ဝယ်ဖက်နိုင်ငံများ၏ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိ၊ မရှိစစ်ဆေးခြင်း)
- ဝယ်သူ၏ သတ်မှတ် အရည်အသွေးများ ပြည့်မီရေးအတွက် စစ်ဆေးရေးလုပ်ဆောင် လက်ခံမှုများရရှိနေပြီးဖြစ်

စီမံကိန်းဦးစီးဌာန၊ လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲမှ ထုတ်ဝေသော **Agribusiness Bulletin** များအား ကိုးကားပါသည်။

ကျေးဇူးအထူးတင်ရှိပါသည်။

Dr.theingimyint@yau.edu.mm

+959 250108681